# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 20 , 2023 | Volume 63, Number 14


| ၂၀.၂.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၅၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၃.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၄.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၆.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၉၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်တင်ပို့မှုများလွယ်ကူချောမွေ့စေရေး Vehicle Monitoring System အသုံးပြုစစ်ဆေးနေမှုများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးစစ်ဆေး



https://www.commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ တရားဝင်မှန်ကန်စွာဆောင်ရွက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပို့ကုန်တင်ပို့သည့်ယာဉ်များက ကုန်ပစ္စည်းများ သယ်ဆောင်တင်ပို့ရာတွင် စနစ်တကျရှိစေရေးအတွက်လည်းကောင်း၊ ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ကုန်ပစ္စည်း သယ်ဆောင်ခွင့်လက်မှတ်များအား Vehicle Monitoring System ဖြင့် Online မှ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ အဆိုပါအစီအစဉ်အရ ပို့ကုန်ယာဉ်များက QR Code ကို အသုံးပြု၍ ကုန်ပစ္စည်းသယ်ဆောင်တင်ပို့နေခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မန္တလေး (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းသို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် လာရောက်စစ်ဆေးခဲ့သည်။

ဤသို့ စစ်ဆေးကြည့်ရှုစဉ် ပို့ကုန်ပစ္စည်းများအား နယ်စပ်မှတင်ပို့ရာတွင် ကုန်ပစ္စည်းသယ်ဆောင်သည့် ယာဉ်များအတွက် QR Code ပါဝင်သည့် ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်ကို Online မှ လျှောက်ထားခွင့်ပြုနေသည့် အစီအစဉ်များ၊ စစ်ဆေးဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကိုလည်းကောင်း၊ အဆိုပါ အစီအစဉ်နှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ထုတ်ပြန်ချက်များကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပါသည်။ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပို့ကုန်လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများနှင့်တွေ့ဆုံကာ အခက်အခဲများအား မေးမြန်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

Source: https://www.commerce.gov.mm/my/article/%E1%80%94%E1%80% B1%E1%80%AC%E1%80


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အရည်အသွေးကောင်းမွန်သော နွေကြက်သွန်နီများ ရန်ကုန်ဈေးကွက်သို့ဝင်ရောက်



https://www.myawady.net.mm/node/37177

ယခုလအတွင်း အရည်အသွေးကောင်းမွန်သော နွေကြက်သွန်နီများ စတင်ထွက်ရှိနေပြီး ရန်ကုန်ဈေးကွက်သို့ဝင်ရောက်နေကြောင်း ရန်ကုန်မြို့ရှိ ဘုရင့်နောင်ကုန်စည်ဒိုင် ကြက်သွန်နီဈေးကွက်မှ သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် နွေကြက်သွန်နီအပြင် မိုးကြက်သွန်နီလက်ကျန်များပါ ဝင်ရောက်နေသည့်အတွက် တစ်ရက်လျှင် ကြက်သွန်နီ ကားအစီးရေ ၂၀ မှ ၄၀ ခန့် ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများကျဆင်းနေသည်။ "နွေကြက်သွန်နီက ဆိပ်ဖြူ၊ မြင်းခြံဒေသတွေက အခုမှစထွက်တာပါ။ မြစ်သားဒေသကတော့ အစောဆုံး ပေါ်တယ်။ ကြက်သွန်နီထွက်ချိန်ဆိုတော့ အရင်ရက်တွေက ကုန်အဝင်များတယ်။ ဒီရက်ပိုင်းကတော့ လျော့သွားတယ်။ ဈေးတွေ တောက်လျှောက်ကျလာတော့ ကုန်သည်တွေအရှုံးပေါ်ကြတယ်။ အရောင်းအဝယ်ကတော့ လက်လီဆိုင်သမားတွေ ဝယ်ကြပါတယ်" ဟု ဘုရင့်နောင် ကုန်စည်ဒိုင် ကြက်သွန်နီပွဲရုံမန်နေဂျာ ဦးလှမောင်ကပြောသည်။

လတ်တလောတွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေသော်လည်း နွေကြက်သွန်နီမှာ မိုးကြက်သွန်နီထက် ဈေးနှုန်း ပိုမိုရရှိသည်။ "ဈေးကျတယ်ဆိုပေမယ့် နွေကြက်သွန်နီကတော့ ဈေးပိုရတယ်။ နွေကြက်သွန်နီက သိုလှောင်ထားလို့ရတယ်။ မိုးကြက်သွန်နီက သိုလှောင်ထားလို့မရဘူး။ လက်ရှိ နွေကြက်သွန်နီက မြစ်သားဒေသအပြင် တခြားနယ်တွေက အခုမှ စထွက်တာဆိုတော့ နောက်လလောက်မှ လှိုင်လှိုင်ပေါ်မှာပါ" ဟု ဦးလှမောင်က ပြောသည်။

နွေကြက်သွန်နီများ၏ အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ ဝန်းကျင်ထွက်ရှိနေသည့်အပြင် မိုးကြက်သွန်နီထက် တစ်ဧကအထွက်နှုန်း ထက်ဝက်ခန့်ပိုကြောင်း၊ လက်ရှိတွင် နွေကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော်ရှိပြီး လှိုင်လှိုင်ထွက်ရှိပါက ငွေကျပ် ၁၀၀၀ အောက်အထိ ကျဆင်းနိုင်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

ဖေဖော်ဝါရီ ၁၈ ရက်က ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားအစီးရေ ၂၀ ခန့်ဝင်ရောက်ပြီး မိုးကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀၊ နွေကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀ မှ ၁၆၀၀ အထိ ဈေးနှုန်းများ အသီးသီးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/37177

## ပြည်ပသို့ သတ္တုနှင့်သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ယခင်ဘဏ္ဍာနှစ် ကာလတူထက် ကန်ဒေါ်လာ သန်း ၃၀၀ ဝန်းကျင် လျော့နည်းရရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁၀)လတာ ကာလအတွင်း သတ္တုတွင်းထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုအနေဖြင့် ကန်ဒေါ်လာ သန်းပေါင်း ၂၈၀ ကျော်ဖိုးသာ တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် ကန်ဒေါ်လာသန်း ၃၀၀ ဝန်းကျင် လျော့နည်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ (၁၀) လတာအတွင်း ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှ တဆင့် ပြည်ပသို့တင်ပို့သည့် သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှရရှိသည့် ပို့ကုန်ရငွေမှာ အမေရိကန်ဒေါ်လာ ၂၈၈.၇၉၁ ဒေါ်လာ ဖြစ်ကြောင်း သိရသည်။

အဆိုပါ တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှတဆင့် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၆၇.၀၇၁ သန်းနှင့် နယ်စပ်မှ တဆင့် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၁.၇၁၀ သန်းတန်ဖိုးရှိ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူအတွင်း ပြည်ပတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှတဆင့် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၅၀.၈၄၁ သန်းနှင့် နယ်စပ်မှတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၄.၇၅၈ သန်း စုစုပေါင်း ၅၆၅.၅ ၆၉ သန်းဖို့ တင်ပို့နိုင်ခဲ့သည့်အတွက် ယခုနှစ်တင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ ၂၇၆.၇၇၈ သန်း လျော့နည်းနေကြောင်း သိရသည်။

အဆိုပါ ပြည်ပတင်ပို့မှုများတွင် သတ္တုနှင့်သတ္တုရိုင်းများ တင်ပို့မှုရငွေမှာ အမေရိကန်ဒေါ်လာ ၇၀.၈၁၃သန်း၊ ကျောက်စိမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀.၆၉၇ သန်း၊ ကျောက်မျက်ရတနာတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁၂.၉၁၃

သန်းနှင့် အခြားတွင်းထွက်ပစ္စည်းများတင်ပို့မှု အမေရိကန်ဒေါ်လာ ၁၈၄.၉၆၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှမှ သိရသည်။

**Source:** [https://www.popularmyanmar.com/?p=104013](https://www.popularmyanmar.com/?p=104013)

## ၁၃.၂.၂၀၂၃ မှ ၁၇.၂.၂၀၂၃ ရက်နေ့ထိဈေးကွက်သုံးသပ်ချက်




**ဆန်စပါး**

ဆန်စပါးဈေးနှုန်းတွေကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ပြည်ပတင်ပို့မှုတွေများနေပြီး ပြည်တွင်းမှာလက်ကျန်နည်းနေလို့ ဈေးတွေမြင့်တက်လာတာလို့ ဆန်ကုန်သည် ဆန်စက်ပိုင်ရှင်အချို့က ခန့်မှန်းထားကြပေမယ့် ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်ကတော့ ပြည်တွင်းမှာ ဆန်စပါးအလုံအလောက်ရှိနေပြီး လက်ကျန်လျော့နည်းနေတာမဟုတ်ကြောင်း ပြည်တွင်းသတင်းတစ်ခု မှာ ပြောကြားထားပါတယ်။

ဆန်ဈေးအဆမတန်မြင့်တာနေတာနဲ့ပတ်သတ်ပြီး ဆန်ကုမ္ပဏီတွေနဲ့ညှိနှိုင်းပြီး ဈေးသက်သာအောင်ရောင်းပေးဖို့ စီစဉ်နေတယ်လို့ ထပ်လောင်းပြောကြားထားပေမယ့် စားသုံးသူဈေးကွက်အတွင်းမှာတော့ နေ့စဉ်နဲ့အမျှ ဈေးတွေမြင့်တက်နေတယ်လို့ စားသုံးသူအများစုက ပြောပါတယ်။

လာမယ့် ၂ လအတွင်း ဆန်နဲ့ဆန်ကွဲ တန်ချိန် ၃ သိန်းကို ပြည်ပကို တင်ပို့သွားမယ်လို့ ဆန်စပါးအသင်းရဲ့ ထုတ်ပြန်မှုက ပြည်တွင်းဆန် စားသုံးသူဈေးကွက်အတွင်း လှုပ်ခတ်သွားပြီး လက်ရှိပေါက်ဈေးထက် မြင့်သွားမှာကို စိုးရိမ်မှုတွေရှိနေပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာတော့ ဖျာပုံ၊ ဒေးဒရဲ မြောင်းမြ နယ်စုံပေါ်ဆန်းတို့က တစ်အိတ်ကို ၆၈၀၀၀ ကနေ ၇၅၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၃၀၀၀ ကနေ ၅၀၀၀ ကြားဈေးမြင့်တက်လာပါတယ်။ ဧည့်မထဆန်နှင့် ၂၅ မှတ်တန်ဆန်တို့ကတော့ တစ်အိတ်ကို ၅၁၀၀၀ ကနေ ၅၆၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ အခြား ရက် ၉၀ ၊ ဆန်သီးထပ်၊ မြို့ဒိုဆန်တို့ကတော့ တစ်အိတ်ကို ၄၈၀၀၀ ကနေ ၆၁၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀၀ ကနေ ၃၀၀၀ ကြားအသီးသီးဈေးမြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့ လကတည်းက အဟောင်းရော အသစ်ပါ ဆက်တိုက် ဈေးမြင့်တက်နေတဲ့ ဆန်ဈေးက တစ်ပတ်အတွင်းမှာ ဆန်အရောင်းအဝယ်အေးသွားတယ်လို့ သိရပါတယ်။

ဧရာဝတီတိုင်းမှာလည်း ပထမတန်းစားစပါးတင်း ၁၀၀ ကို ငွေကျပ် ၂ သိန်းနီးပါးဈေးထပ်ပြီး မြင့်တက်လာပါတယ်။ တင်း ၁၀၀ကို အနိမ့်ဆုံးဈေး ၁၅၃၀၀၀၀ ကျော်ကနေ ၁၆၅၀၀၀၀ ပေါက်ဈေးရှိ နေပါတယ်။ဒုတိယတန်းစားစပါးကလည်း တင်း ၁၀၀ ကို ၁၃၄၀၀၀၀ ကနေ ၁၄ သိန်းကြားပေါက်ဈေးရှိနေပြီး တင်း ၁၀၀ ကို ၁၅၀၀၀၀ လောက်ဈေးမြင့်တက်လာပါတယ်။ ဖော်ပြပါဈေးနှုန်းတွေကတော့ ဧရာဝတီကုန်သွယ်မှုဌာနက ရယူထားတဲ့ ဆန်စပါးဈေးနှုန်းတွေ ဖြစ်ပြီး ပြင်ပပေါက်ဈေးနှုန်း တွေက တော့ ယခုထက်များပြားကာ တင်း ၁၀၀ကို သိန်း ၂၀ ကျော်ထိ ဈေးမြင့် တက်နေပါတယ်။

**မတ်ပဲ**

မတ်ပဲဈေးကတော့ ပြီးခဲ့တဲ့အပတ်က ဈေးငြိမ်သွားပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးတွေပြန်မြင့်တက်လာပါတယ်။ ငွေလဲလှယ်နှုန်းဈေးကလည်း မြင့်တက်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း မတ်ပဲအသစ်တွေ ဈေးကွက်ထဲဝင်နေပေမယ့် ပွဲတော်ကာလ အရောင်းအဝယ်သွက်နေတဲ့အတွက် ဈေးမြင့်တက်နေတာဖြစ်ပါတယ်။ အသစ်တွေကို ဝယ်ယူနေပြီး လက်ကျန်တွေကို ထုတ်ရောင်းနေတာဖြစ်လို့ မတ်ပဲဈေးက ပြန်ပြီးကျဆင်းနိုင်ဦးမယ်လို့ အိန္ဒိယကုန်သည်တွေက သုံးသပ်ထားပါတယ်။

မြန်မာပြည်တွင်းမှာလည်း မတ်ပဲက အသစ်တွေဝင်နေပြီဖြစ်လို့ ဈေးကတော့ အများကြီးထပ်ပြီးတက်နိုင်မှာမဟုတ်ဘူးလို့ ကုန်သည်အချို့က ခန့်မှန်းထားကြပေမယ့် လက်ရှိမတ်ပဲဈေးကွက်က အတက်အကျများနေတယ်လို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ (FAQ/RC) က တစ်တန်ကို ၁၈ သိန်း ၈ သောင်းကျော်ပေါက်ဈေးရှိနေပြီး၊ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၆၀၀၀၀ ကျော်ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၈၅၀၀၀ ကနေ ၁၈၇၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၇၀၀၀ ကျပ် ဈေးတက်လာပါတယ်။

မုံရွာဈေးကွက်၊အောင်လံဈေးကွက်၊မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲ က တစ်တင်း ကို ၆၀၀၀၀ ကနေ ၆၂၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာတော့ ၅၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ စံချိန်တင်ဈေးမြင့်တက်နေတဲ့ အခြေအနေဖြစ်ပါတယ်။ လက်ကျန်ကလည်း မရှိတော့တဲ့အတွက် ဈေးကမာနေပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ပဲစင်းငုံနီထွက်ရှိမှုက တန်ချိန် ၃ သိန်းခွဲသာရှိမယ်လို့ ထုတ်ပြန်ထားတဲ့အတွက် ပဲစင်းငုံနီက ဆက်ပြီးဈေးကောင်းနိုင်ဦးမယ်လို့ ပဲကုန်သည်တွေက မျှော်မှန်းထားပါတယ်။

အိန္ဒိယနိုင်ငံကတော့ ပဲစင်းငုံနီကို မြန်မာပြည်အပြင် အခြားနိုင်ငံတွေကပါ ဝယ်ယူနေတာဖြစ်လို့ မြန်မာ့ပဲစင်းငုံနီ ဈေးအဆမတန်မြင့်မားနေပါက မူဝါဒအပြောင်းအလဲတွေရှိနိုင်တဲ့အတွက် သတိထားစောင့်ကြည့်ဖို့ လိုအပ်ပါတယ်။ မြန်မာ့ ပဲစင်းငုံနီကတော့ အိန္ဒိယနိုင်ငံအပြင် တရုတ်ကိုလည်းတင်ပို့နေတာ ဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၂၁ သိန်း ၃ သောင်းကျော်ပေါက်ဈေးရှိနေပြီး တစ်ပတ်အတွင်း တစ်တန်ကို ၁၃၀၀၀၀ ကျော်ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၂၀၀၀၀၀ ကျော် ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၁၀၀၀၀ ကျော်ဈေးမြင့်တက်လာပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာနှင့်အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၆၆၀၀၀ ကနေ ၆၇၅၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းကို ၅၀၀၀ ကျော်ဈေးမြင့်တက်လာပါတယ်။

**ပဲတီစိမ်း**

ဈေးဆက်တိုက်မြင့်တက်နေတဲ့ ပဲတီစိမ်းကတော့ ဒီတစ်ပတ်မှာ အမြင့်ဈေးနဲ့ ဈေးငြိမ်သွားပါတယ်။ တရုတ် နယ်စပ်ဂိတ်တွေက နှစ်ကူးအပြီး ပုံမှန်ပြန်လည်ပတ်နေပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိနေပြီဖြစ်လို့ ဈေးငြိမ်သွားတယ်လို့သိရပါတယ်။ နယ်ဈေးကွက်တွေကနေလည်း ပဲအသစ်တွေ ဝင်ရောက်နေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်း(ဝါးခယ်မ၊ ခရမ်းရွှေဝါ)တို့က တစ်ပိဿာကို ၂၉၃၀ ကနေ ၃၉၁၅ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်ပိဿာကို ၂၀၀လောက်ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲတီစိမ်းက တစ်အိတ်ကို ၁၄၅၀၀၀ကနေ ၂၃၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်ပတ်အတွင်းမှာတော့ နေ့စဉ်အဝင်ပေါ်မူတည်ပြီး အတက်အကျအနည်းငယ်သာ ရှိနေပါတယ်။

**ကုလားပဲ**

ပြီးခဲ့တဲ့အပတ်က ဈေးတွေကျဆင်းသွားတဲ့ ကုလားပဲက ဒီတစ်ပတ်မှာတော့ ဈေးတွေ ပြန်မြင့်တက်လာပါတယ်။ ဈေးကွက်ထဲ ပဲအဝင်ရှိနေပေမယ့် ငွေကြေးလဲလှယ်နှုန်းမြင့်မားမှုနဲ့ ကုလားပဲ ဝယ်ယူသိုလှောင်မှုတွေရှိနေလို့ ဈေးက မြင့်တက်နေတာလို့ ကုလားပဲကုန်သည်အချို့က သုံးသပ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၂၅၀ ကနေ ၃၄၁၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၆၀ ကျပ်ဈေးတက်လာပါတယ်။ ကုလားပဲလုံးဖြူကြီးအဟောင်းကတော့ တစ် ပိဿာကို ၃၂၅၀ ကနေ ၃၄၁၅ ကျပ်ရှိပြီး ဈေးငြိမ်ပါတယ်။ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၁၀၀ ကနေ ၄၄၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၅၀ ကျပ်ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ (ထိုင်ဝမ်)က တစ်အိတ် ကို ၁၈၅၀၀၀ ပေါက်ဈေးရှိပြီးတစ်အိတ်ကို ၁၀၀၀၀ ကျပ်၊ ကုလားပဲ (ဗျ၉) ကတော့ တစ်အိတ်ကို ၁၈၇၅၀၀ တစ်အိတ်ကို ၇၅၀၀ ကျပ်၊ ကုလားပဲ(ဗွီတူး)က တို့ကတော့တစ်အိတ်ကို ၁၉၀၀ ၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်၊ကုလားပဲ(ဗွီဆဲဗင်း)ကလည်း တစ်အိတ်ကို ၁၉၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ် ဈေးပြန်မြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း ကုလားပဲ(ဗွီတူး)အသစ်ကတော့ တစ်တင်းကို ၆၄၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်၊ ကုလားပဲ(၉၂၉) အသစ်တစ်တင်းကို ၆၁၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၅၀၀၀ကျပ် ဈေးတက်လာပါတယ်။

**Source: AMIA**

https://t.me/htwettoe

## သံတွဲတွင် ဘင်္ဂလားဒေ့ရှ်သို့ပို့ရန် အုန်းသီးအဝယ်လိုက်၊ ဈေးကောင်းရ

ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ပို့ရန်အတွက် အုန်းသီးများ အဝယ်လိုက်နေ၍ ဈေးကောင်းရရှိနေကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ဒေသခံကိုယ်စားလှယ်များက ဈေးကွက်အတွင်း အုန်းသီးအကြီး၊ အသေး တစ်လုံးလျှင် ကျပ် ၃၀၀ ပေး၍ လိုက်လံဝယ်ယူနေကြခြင်းဖြစ်သည်။ ယင်းသို့ ဝယ်ယူရရှိသည့် အုန်းသီးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်လုံးလျှင် ကျပ် ၁၀၀၀ တန်ဖိုးရှိ ဘင်္ဂလားငွေဖြင့် ပြန်လည်ရောင်းချကြကြောင်း သိရသည်။

အဆိုပါအုန်းသီးများကို သံတွဲမြို့မှ ငါးမိုင်ခန့်အကွာရှိ ကင်းမော်ရွာ သင်္ဘောဆိပ်ကမ်းမှ ကုန်တင်သင်္ဘောငယ်များဖြင့် စစ်တွေသို့ပို့ဆောင်ပြီး စစ်တွေမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ပို့ဆောင်ပေးခြင်းဖြစ်သည်။ ထိုသို့ ရခိုင်ပြည်နယ်မှ အုန်းသီးများ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ဆောင်ရောင်းချခြင်းကို ၂၀၂၂ ခုနှစ် အစောပိုင်းမှစတင်ကာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## မြန်မာ့ဖရဲ ဈေးကွက်မပျက်ဖို့ အရည်အသွေးကောင်းတဲ့အသီးတွေသာ တင်ပို့သင့်ဟုဆို




တရုတ်ပြည်ကို ဖရဲသီးတင်ပို့နေတဲ့ကုန်သည်တွေအနေနဲ့ အရည်အသွေးကောင်းတဲ့အသီးတွေကိုသာ တင်ဆောင်လာကြဖို့ နယ်စပ်သစ်သီးကုန်သည်တွေက တိုက်တွန်းပြောဆိုပါတယ်။ "ဘာဖြစ်လို့ပြောသလဲဆိုတော့ မြန်မာ့ဖရဲက အခုဒီဘက်မှာ ဈေးကောင်းရနေပြန်ပြီ၊ ဈေးကွက်ထိန်းဖို့အတွက် အရည်အသွေးကောင်းတဲ့ အသီးတွေပဲတင်လာကြစေလိုတယ်၊ ဈေးကွက်မပျက်သွားချင်ဘူး" လို့ မူဆယ်မြို့မှာ ခေတ္တရောက်ရှိနေတဲ့ သစ်သီးကုန်သည်တစ်ဦးက ပြောပါတယ်။

တရုတ်နိုင်ငံဘက်တင်ပို့နေတဲ့ မြန်မာနိုင်ငံကဖရဲသီးတွေဟာ အခုရက်ပိုင်း ဈေးကောင်းလာတာကြောင့်၊ တဖွဲဖွဲရောက်ရှိလာတယ်လို့ နယ်စပ်သစ်သီးကုန်သည်တွေဆီကနေ သိရပါတယ်။

"မနေ့ကဆိုရင် ဖရဲကားအစီးရှစ်ဆယ်လောက်ဝင်တယ်၊ ဒါပေမယ့်လည်း ဝယ်လိုအားကဒီထက်ပိုနေတယ်၊ ဒီဘက်ကို သစ်သီးကားအဝင်နည်းနေသေးတဲ့အခြေအနေပါ" လို့ သစ်သီးကုန်သည်တစ်ဦးကပြောပါတယ်။ ယမန်နေ့(ဖေဖော်ဝါရီ ၁၆ ရက်)က၊ တရုတ်နိုင်ငံဘက်မှာ ဖရဲအကြား ၁ ကီလိုဂရမ်ကို ၄ ဒသမ ၆ ယွမ်ပေါက်ဈေးရှိခဲ့ပြီး၊ ဒါဟာ ပြီးခဲ့တဲ့ရက်သတ္တပတ်ကထက်ဈေးပိုရနေတာဖြစ်တယ်လို့သိရပါတယ်။

"ပြီးခဲ့တဲ့တစ်ပတ်က ဖရဲအကြား ၁ ကီလိုကို အများဆုံးရလှ ၄ ဒသမ ၁ ယွမ်ပေါ့၊ အဲဒါဈေးကျသွားတာ၊ ဒီရက်ထဲ ဈေးပြန်ကောင်းလာတယ်၊ ဈေးကောင်းရပြီးဈေးကွက်ထိန်းနိုင်ဖို့က အရည်အသွေးကောင်းတဲ့အသီးတွေ တင်ပို့ရမယ်ဆိုပေမယ့်လည်း တည်ငြိမ်တဲ့ဈေးကွက်မရှိရင် ဈေးကောင်းလည်းခဏပါပဲ" လို့လည်း ၎င်းကဆိုပါတယ်။

ပြည်တွင်းကဖရဲသီးတွေကို ရှမ်းပြည်မြောက်ပိုင်းမူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကတစ်ဆင့်၊ တရုတ်နိုင်ငံဘက် တင်ပို့နေတာဖြစ်ပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

https://t.me/htwettoe

## သနပ်ခါးဈေးကွက်အတွင်း အွန်လိုင်းမှ သနပ်ခါးမှာယူမှုများလာ



https://www.myawady.net.mm/node/37174

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြန်မာ့ရိုးရာသနပ်ခါး ဈေးကွက်အတွင်း အွန်လိုင်းမှ သနပ်ခါးမှာယူမှုများလာကြောင်း မကွေးမြို့နယ်မှ သနပ်ခါးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများ၏ ပြောပြချက်အရ သိရသည်။

“အခုနောက်ပိုင်း သနပ်ခါးတွေကို အွန်လိုင်းကနေ အမှာများလာတယ်။ နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်စတဲ့မြို့တွေကနေ တစ်ဆင့်ပြန်ရောင်းတဲ့ သူတွေက မှာကြသလို ကိုယ်တိုင်သုံးဖို့လည်း မှာကြတယ်။ အမှာစာရှိတဲ့မြို့တွေဆီ ကားဂိတ်ကနေတစ်ဆင့် တင်ပို့ပေးနေတာပါ” ဟု သနပ်ခါးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ဈေးကွက်အတွင်း သနပ်ခါးဈေးနှုန်းအနေဖြင့် တစ်တုံးလျှင် ငွေကျပ် ၃၀၀၀၊ ၃၅၀၀၊ ၄၀၀၀၊ ၅၀၀၀ စသည်ဖြင့် အစားစားရှိပြီး အရှည်ဖြတ်တုံးများကိုလည်း အရွယ်အစားအလိုက် ငွေကျပ် ၄၀၀၀၀ မှစတင်ကာ ဈေးနှုန်းအသီးသီးသတ်မှတ် ရောင်းချလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း ပြည်ပမှ သနပ်ခါးပါဝင်မှုနည်းပါးပြီး သနပ်ခါးအနံ့ဖြင့်ပြုလုပ်ထားသော ကုန်ကြမ်းများ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းမှ သနပ်ခါးဈေးကွက် ကျဆင်းလာခဲ့သည်။ ထို့နောက် သနပ်ခါးအသင်းများဖွဲ့စည်း၍ စိုက်ပျိုးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များပူးပေါင်းလုပ်ဆောင်လာသည့်အတွက် မြန်မာ့သနပ်ခါးဈေးကွက် ပြန်လည် ကောင်းမွန်လာခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့သနပ်ခါးဈေးကွက် ပြန်လည်မြင့်တက်လာစေရန် ပူးပေါင်းလုပ်ဆောင်နေသကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ဖြစ်စေရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

https://www.myawady.net.mm/node/37174

## တစ်ပတ်တာ အာရှဆန်ဈေးကွက် (အိန္ဒိယဆန်၊ ထိုင်းဆန်၊ ဗီယက်နမ်ဆန် )

ဗီယက်နမ်သည် ပြည်တွင်း၌ သိုလှောင်မှု လက်ကျန်နည်းနေသော်လည်း ဆန်တန်ချိန် ၆ သန်း တင်ပို့မည်ဖြစ်သည်။ ထိုင်းဆန် ယခုတစ်ပတ်အတွင်း ဘတ်ငွေ ကန်ဒေါ်လာလဲနှုန်းကျဆင်းမှုနှင့် အဝယ်အေးနေခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းလာသည်။ တစ်လကျော်အတွင်း အနိမ့်ဆုံးသို့ကျဆင်းခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဆန် ၂ နှစ်တာအတွင်း ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိနေသော်လည်း အဝယ်လိုက်နေဆဲဖြစ်သည်။ ၅% ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> အမျိုးအစား ခေါ်ဈေး တစ်တန်လျှင် ယခင်အပတ်က $480 – $490 ရှိခဲ့ပြီး ယခုအပတ် $460 – $465 သို့ ဈေးကျသည်။ "ဘတ်ငွေက အားပျော့လို့ ဆန်ဈေးကျသွားတယ်။ အဝယ်အေးနေတယ်။ ကြီးကြီးမားမား အမှာစာ မရရှိသေးပါဘူး" ဟု ဘန်ကောက်မှ ကုန်သည်တစ်ဦးက ပြောသည်။

ဧပြီလတွင် ဆန်သစ်များ လှိုင်လှိုင်ဝင်မည်ဖြစ်သည်။ ၅% ဆန်ကွဲပါ အိန္ဒိယ ပေါင်းဆန် <RI-INBKN5-P1> အမျိုးအစား ယခင်အပတ်အတိုင်း ဈေးငြိမ်နေသည်။ ခေါ်ဈေး တစ်တန်လျှင် $395 – $402 ရှိသည်။ မကြာသေးမီကစ၍ ဈေးနှုန်းများ မြင့်တက်နေသော်လည်း ထိုင်းဆန်၊ ဗီယက်နမ်ဆန်တို့ထက် ဈေးသက်သာနေဆဲဖြစ်သဖြင့် ဝယ်လက်များသည် အိန္ဒိယဆန်ကို ဆက်လက်ဝယ်ယူနေကြသည်။

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> အမျိုးအစား ယခင်အပတ်အတိုင်း ဈေးငြိမ်နေသည်။ ခေါ်ဈေး တစ်တန် $455–$460 ရှိသည်။ တရုတ်နှင့်အင်ဒိုနီးရှားတို့က အရန်ဆန်သိုလှောင်ရေးအတွက် ဝယ်ယူနေကြသဖြင့် ဆန်ဈေးနှုန်းများ အမြင့်မှာဆက်ရှိနေဦးမည်ဖြစ်သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5754-asia-rcie-feb-18.html

# STOCK EXCHANGE (20.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Feb. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,938 (Shares) | 18,400,800 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 322 | 2,737,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,200 | 3,200 | 3,150 | 3,565 | 11,239,000 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 69 | 517,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,750 | -50 | -2.78% | 1,800 | 1,800 | 1,750 | 1,710 | 3,021,400 | 29,664,613 | 51,913 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,500 | 2,550 | 2,500 | 190 | 484,100 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 82 | 401,800 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Feb. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 385.18 | +3.15 | +0.82% | 386.78 | 387.15 | 385.18 | 5,938 | 18,400,800 | 7 | 670,057 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 21st Feb. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,022 (Shares) | 14,216,400 (MMK) |

| MYANPIX | 381.60 ▲ 1.33 |
|---|---|
| Total Volume (shares) | 6,022 |
| Total Value (MMK) | 14 mil |
| Listed Company | 7 |
| Market Cap. (MMK) | 672,416 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,700 | ▼ 50 |
| TMH | 00005 | 2,600 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 5,200 | ▲ 300 |